A LESSER-KNOWN REFORMER

- THEODORE BEZA -

လူသိနည်းသော ပြုပြင်ပြောင်းလဲရေးသမား။

- သီယိုဒို ဘီဇာ -

ကျွန်ုပ်တို့အများစုသည် Luther နှင့် Zwingli တို့ကဲ့သို့ ပြုပြင်ပြောင်းလဲရေးသမားကြီးများကို သိကြသော်လည်း၊ သူတို့၏ဆက်ခံသူများကိုရော သိကြပါသလား။ Philip Melanchthon သည် Martin Luther အတွက်ငင်း၊ Heinrich Bullinger သည် Huldrych Zwingli အတွက်ငင်း၊ Theodore Beza သည်လည်း John Calvin အတွက်ငင်း ဖြစ်ခဲ့သကဲ့သို့ပင် ဖြစ်သည်။ ဤနေရာတွင် သူ့ဘဝနှင့် အမွေအနှစ်ကို ဤနေရာ၌ ဆွေးနွေးကြပါစို့။

His Early Days

သူ၏ အစောပိုင်း အချိန်ကာလများ။

ဘီဇာကို ၁၅၁၉ ခုနှစ် ဇွန်လတွင် ပြင်သစ်နိုင်ငံ၊ ဘာဂန်ဒီတွင် ရိုးရှင်းသောနောက်ခံမှ မွေးဖွားခဲ့သည်။ ဘုရားသခင်၏ ကွယ်ကာစောင့်မခြင်းဖြင့် အသက်ကိုးနှစ်အရွယ်တွင် ဂျာမန် လူသာရန် ဘာသာဝင် မယ်လ်ချီယို ဝေါလ်မာထံတွင် ပညာသင်ကြားခဲ့သည်။ ဝေါလ်မာသည် သူ့ကို ဂရိနှင့် လက်တင်ဘာသာများကို သင်ကြားပေးရုံသာမက ခရစ်တော်ကို သူ၏ကယ်တင်ရှင်နှင့် သခင် အဖြစ် ရှာဖွေရန်၊ ဘီဇာကို ခေါ်ဆောင်လာခဲ့သည်။ ဝေါလ်မာ၏ သွန်သင်ဆုံးမမှုသည် *"ထိုအချိန်မှစ၍ ကျွန်ုပ်ရရှိခဲ့သော ကောင်းမြတ်သောအရာအားလုံး၏ အစဖြစ်ပြီး၊ ကျွန်ုပ်၏ နောင်ဘဝတွင် ရရှိမည်ဟု ယုံကြည်ပါသည်"* ဟု ဘီဇာက ပြောကြားခဲ့သည်။

ဘီဇာသည် ဆယ်စုနှစ်တစ်ခုခန့် နောက်ပြန်ဆုတ်သွားခဲ့၍၊ ၁၅၄၈ ခုနှစ်တွင် အိပ်ရာထဲတွင် လဲနေပြီး၊ သေလုမျောပါးဖြစ်နေချိန်တွင် ဘုရားသခင်သည် သူ၏နှလုံးသားကို ပြန်လည်နိုးကြားစေခဲ့ပြီး၊ ဘုရားသခင်ထံ ပြန်လာခဲ့သည်။ ဘီဇာသည် လွန်ခဲ့သောနှစ်အနည်းငယ်က သူ၏ရှေ့မှ ဂျွန်ကယ်လ်ဗင် ကဲ့သို့ပင် ဘုရားသခင်၏အလိုတော်အတိုင်း ဆွစ်ဇာလန်နိုင်ငံရှိ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုတွင် ပါဝင်ရန် ပြင်သစ်မှ ထွက်ပြေးခဲ့သည်။

Geneva's Defender of Calvinism

ဂျီနီဗာ၏ ကယ်လ်ဗင်ဝါဒကို ကာကွယ်သူ။

ဘီဇာသည် လော်ဆန်တွင် သင်းအုပ်ဆရာများကို သင်ကြားပေးခြင်းဖြင့် သူ၏ခမ္မာအမှုတော်ကို စတင်ခဲ့ပြီး၊ ၁၅၅၈ ခုနှစ်တွင် ဂျွန်ကယ်လ်ဗင်၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ရန် ဂျီနီဗာသို့ ခေါ်ယူခံခဲ့ရ၍၊ ဂျီနီဗာအကယ်ဒမီ၏ ပထမဆုံး ပါမောက္ခချုပ် ဖြစ်လာခဲ့သည်။ ကယ်လ်ဗင်က သူသည် *"ဘီဇာကို အလွန်ဂရုစိုက်သည်၊ သူသည် ကျွန်ုပ်အား ညီအစ်ကိုထက် ပိုချစ်ပြီး ဖခင်ထက် ပိုလေးစားသည်"* ဟု ရေးသားခဲ့သည်။

၁၅၆၄ ခုနှစ်တွင် ကယ်လ်ဗင် ကွယ်လွန်သောအခါ၊ ဂျီနီဗာပြုပြင်ပြောင်းလဲရေးကို ဦးဆောင်ရန် ကြီးလေးသောတာဝန်သည် ဘီဇာထံ ရောက်ရှိခဲ့သည်။ သူသည် နောက်လေးဆယ် နှစ်တာကာလ အတွင်း မြို့၏ထင်ရှားသော သင်းအုပ်ဆရာနှင့် လူပ်ရှားမှု၏ခေါင်းဆောင် ဖြစ်လာခဲ့သည်။

ဘီဇာသည် ပြုပြင်ပြောင်းလဲရေးကို ရှေ့သို့ယူဆောင်လာပြီး၊ ကယ်လ်ဗင် သင်ကြားပေးခဲ့သော သမ္မာကျမ်းစာဆိုင်ရာ အယူဝါဒများကို ကာကွယ်ခဲ့သည်။

အသင့်ရှိပြီး၊ စွမ်းဆောင်နိုင်သော ခေါင်းဆောင်တစ်ဦးအနေဖြင့် သူသည် ယုံကြည်ခြင်းတရားကို သွန်သင်ရန်နှင့် ကာကွယ်ရန် ကျယ်ကျယ်ပြန့်ပြန့် ခရီးသွားခဲ့ပြီး၊ ဂျွန်ကယ်လ်ဗင်၏ အထူးပွတ္တိကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုခဲ့ကြသည်။ သူ၏များပြားလှသော သွန်သင်ခြင်းနှင့် ရေးသားခြင်း ခမ္မာအမှုတော်မှတစ်ဆင့် ဘီဇာသည်:

- ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားသည် ဖြောင့်မတ်ခြင်းအတွက် မရှိမဖြစ်လိုအပ်သည်ဟု ခုခံ ကာကွယ်ခဲ့သည်။
- နှစ်ထပ်ကွင်း ကြိုတင်ခွဲခန့်မှတ်သားခြင်း၏ တရားမျှတမှုကို ရှင်းပြခဲ့သည်။
- ခရစ်တော်၏ သေချာသော ရွေးနှုတ်ခြင်းအမှုမှ ယုံကြည်သူတစ်ဦး ရရှိသော၊ နက်ရှိုင်းသော နှစ်သိမ့်မှုကို ရှင်းပြသည်။

The Test of Poissy (1561)

ပွာစီ၏ စမ်းသပ်မှု (၁၅၆၁)

ဘီဇာ၏ ခေါင်းဆောင်မှုကို ဂျီနီဗာမြို့အပြင် ဥရောပတိုက်တွင်ပါ မြင်တွေ့ခဲ့ရသည်။ သူ၏ အရေးအကြီးဆုံး နိုင်ငံရေးစမ်းသပ်မှုမှာ ၁၅၆၁ ခုနှစ်တွင် ပွာစီမြို့၌ ကျင်းပသော အစည်းအဝေးတွင် ပြင်သစ် Huguenots (ပရိုတက်စတင့်) များကို ကိုယ်စားပြုရန် ခေါ်ယူခံရချိန်တွင် ဖြစ်ပေါ်လာခဲ့သည်။

မိဖုရား-မယ်တော် ကက်သရင်း ဒီမက်ဒီချိမ့် စီစဉ်ပေးသော ဤထင်ရှားသော ထိပ်သီး အစည်းအဝေးသည် ပြင်သစ်နိုင်ငံတွင် ဘာသာရေးပြည်တွင်းစစ် ဖြစ်ပွားခြင်းကို ကာကွယ်ရန် နောက်ဆုံးကြိုးပမ်းမှုတစ်ခု ဖြစ်သည်။ ချားလ်စ် (၉) ဘုရင်နှင့် ကက်သလစ် ကာဒီနယ်များ၏ ပြိုင်ဘက်ခန်းမရှေ့တွင် ရပ်နေသော ဘီဇာသည် သူ၏ရန်သူများရှေ့တွင် ကျေးဇူးတော်၏ ရိဖော့မ် ဩဝါဒများကို ထူးချွန်စွာ ကာကွယ်ခဲ့သည်။

ထိုစကားဝိုင်းသည် ယူခရစ်ပွဲတော်နှင့်ပတ်သက်၍၊ ပြိုကွဲသွားသောအခြေအနေသို့ ရောက်ရှိခဲ့သည်။ ဘီဇာသည် မုန့်နှင့်စပျစ်ရည်တွင် ခရစ်တော်၏ ရုပ်ပိုင်းဆိုင်ရာရှိနေခြင်းကို ပွင့်ပွင့်လင်းလင်း ငြင်းခုံသောအခါ (အမြင့်ဆုံးသောကောင်းကင်သည် မြေကြီးနှင့်ဝေးသကဲ့သို့) ခရစ်တော်၏ခန္ဓာကိုယ်သည် လက္ခဏာများနှင့်ဝေးကွာသည်ဟု ဆိုကာ၊ ကက်သလစ်ကိုယ်စားလှယ်များက ဒေါသထွက်၍၊ ၎င်းကို ဘုရားသခင်ကိုစော်ကားမှုဟု တံဆိပ်ကပ်ခဲ့ကြသည်။ ညီလာခံသည် ဘာသာရေးဆိုင်ရာ ညှိနှိုင်းမှုတစ်ခု မအောင်မြင်ခဲ့သော်လည်း၊ ဘီဇာသည် ပြင်သစ် ရိဖော့မ်အသင်းတော်ကို ကာကွယ်သူ ဖြစ်လာခဲ့ပြီး၊ ၁၅၇၁ ခုနှစ်တွင် လာရိချယ်၏ ညီလာခံသို့ တိုက်ရိုက်ဦးဆောင်ခဲ့သည်။ **အန္တရာယ်များသောအချိန်များတွင် ယုံကြည်ခြင်းကို ကာကွယ်သကဲ့သို့ ဤနောက်ဆုံးသောနေ့ရက်များတွင်လည်း အလားတူစိတ်ဓာတ်မျိုး လိုအပ်ပါသည်။**

Theodore Beza's Works: Codex Bezae

သီယိုဒို ဘီဇာ၏ လုပ်ငန်းများ- ကိုဒက်စ် ဘီဇား။

ဘီဇာသည် ပြင်သစ်စကားပြော ရိဖော့မ်အသင်းတော်ငယ်ကို ၎င်း၏ ဟောပြောချက်များ၊ စာအုပ်များနှင့် ကြီးထွားမှုအတွက် လိုအပ်သော၊ ခိုင်မာသော စာပေများဖြင့် ဦးဆောင်ခဲ့သည်။ သူသည် ဓမ္မသစ်ကျမ်းနှင့်ပတ်သက်သည့် သူ၏ထင်ရှားသော လက်ရာများကြောင့်၊ အထင်ရှားဆုံးဖြစ်ပြီး ဓမ္မသစ်ကျမ်း၏ မှတ်ချက်များဖြင့် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ဤဘာသာစကားဆိုင်ရာ လက်ရာမြောက်သော စာအုပ်တွင် မူရင်းဂရိစာသား၊ လက်တင် ဗားလ်ဂိတ် ဘာသာပြန်ဆိုချက်နှင့်

ဘီဇာ၏ မူရင်း လက်တင် ဘာသာပြန်ဆိုချက်တို့ ပါဝင်သည်။ နောက်ပိုင်းတွင် ၎င်းကို နိုင်ငံအသီးသီးရှိ သမ္မာကျမ်းစာ ဘာသာပြန်သူများက အသုံးပြုခဲ့ကြသည်။

ဘီဇာက ရီဖော့မ်ယုံကြည်ချက်သည် သမ္မာကျမ်းစာနှင့် သက်ဆိုင်ကြောင်း ပြသခဲ့သည်။ သူ၏လက်ရာသည် အမေရိကသို့ ယူဆောင်လာသော ပြူရီတန်များကြားတွင် အရေပန်းအစားဆုံး ဘာသာပြန်ဆိုချက်ဖြစ်လာသည့် ၁၅၆၀ ခုနှစ် ဂျီနီဗာကျမ်းစာကို တိုက်ရိုက် လွှမ်းမိုးခဲ့သည်။

သူ၏ ပညာရေးအမွေအနှစ်တွင် ထင်ရှားသော Codex Bezae ပါဝင်သည်။ ၎င်းသည် အခြားရှေးဟောင်းလက်ရေးစာမူများတွင် မတွေ့ရသော စာသားကွဲပြားမှုများ ပါဝင်သည့် အထူးသဖြင့် လုကာခရစ်ဝင်ကျမ်းနှင့် တမန်တော်ဝတ္ထုတို့တွင် အလွန်ထူးခြားသော စာသားအစဉ်အလာကို ကိုယ်စားပြုသည်။

ဘီဇာသည် ၎င်း၏အတွေးအခေါ်များကို အသုံးပြု၍၊ ခေတ်သစ် ဓမ္မသစ်ကျမ်း စာသား ဝေဖန်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သော သူ၏ကိုယ်ပိုင် ဂရိဓမ္မသစ်ကျမ်းထုတ်ဝေမှုများကို ပိုမို ကောင်းမွန်အောင် ပြုလုပ်ခဲ့သည်။ ကိုဒက်စ်နှင့်အတူ ဤရင်းမြစ်များမှ ထုတ်ဝေခဲ့သော ဂရိစာသား ဘီဇာသည် (၁၆၁၁) ခုနှစ်ထုတ် ဂျိမ်းဘုရင်ကျမ်းစာနှင့် နှစ်ပေါင်းများစွာအကြာတွင် အခြား ဘာသာပြန်သူများအပေါ် အကြီးအကျယ် လွှမ်းမိုးခဲ့သည်။

God's Higher Hand

ဘုရားသခင်၏ မြင့်မြတ်သော လက်တော်။

ကျေးဇူးတော်၏အယူဝါဒများကို ဘီဇာက ထပ်မံသင်ကြားပေးခဲ့သည်။ ဘီဇာသည် လူသားအားလုံးအပေါ် ဘုရားသခင်၏ အကြွင်းမဲ့အစိုးရတော်မူခြင်းကို ယုံကြည်ခဲ့သည်။ ရှုပ်ထွေးသော အချိန်များကို ဖြတ်သန်းနေထိုင်ခြင်းသည် သူ့အား ဤကောင်းမွန်သော ဓမ္မပညာကို အားကိုးစေခဲ့သည်။ ၁၅၈၇ ခုနှစ်တွင် ဂျီနီဗာမြို့သည် ကက်သလစ်တပ်ဖွဲ့များ၏ သိမ်းပိုက်မှု နီးပါးဖြစ်သောအခါ ဘီဇာက သူ၏အသင်းတော်အား ဘုရားသခင်၏ မြင့်မြတ်သောစောင့်ရှောက်မှုဌ အနားယူရန် အားပေးခဲ့သည်။

ဘီဇာထံသို့ မျှော်လင့်ချက်အတွက် ကျွန်ုပ်တို့၏ တစ်ခုတည်းသော အကြောင်းရင်းမှာ သူ၏ ရွေးကောက်ခံများကို ဝိညာဉ်ရေးဆိုင်ရာသေခြင်းမှ ကယ်တင်နိုင်သော အချုပ်အခြာအာဏာပိုင် ဖြစ်သော ဘုရားသခင်သာ ဖြစ်သည်။ သူသည် လူသားတို့၏ ပျက်စီးခြင်းနှင့် ဘုရားသခင်၏ အမျက်တော်မှ လွတ်မြောက်ရန် ဘုရားသခင်၏ ကျေးဇူးတော်၏ လိုအပ်ချက်ဆိုင်ရာ အယူဝါဒကို

မြှင့်တင်ပေးခဲ့ သည်။ **အင်္ဂလန်၊ စကော့တလန်နှင့် ဂျာမနီနှင့် ပြင်သစ်တို့ကိုပင် သက်ရောက်မှုရှိခဲ့သော (၁၆) ရာစု ပရိုတက်စတင့် ပြုပြင်ပြောင်းလဲရေးအောက်တွင် သူဖြန့်ဝေခဲ့သော ခိုင်မာသော အယူဝါဒများ ဖြစ်သည်။**

Death & Legacy

သေခြင်းနှင့် အမွေအနှစ်။

ဘီဇာသည် သူ့ဘဝ၏ ကျန်ရှိသောအချိန်များကို ဂျီနီဗာတွင် ကုန်ဆုံးခဲ့သည်။ သူသည် ခက်ခဲသောအခြေအနေများအောက်တွင် အလုပ်လုပ်ခဲ့ပြီး၊ ကက်သလစ်ကျူးကျော်မှု၏ ခြိမ်းခြောက်မှုကို အဆက်မပြတ်ရင်ဆိုင်ခဲ့ကာ၊ ရီဖော့မ် ပရိုတက်စတင့်များအပေါ် ပြင်းထန်သော လူသာရန် အငြင်းပွားမှုများ မြင့်တက်လာမှုကို ကျော်လွှားခဲ့သည်။

၁၆၀၅ ခုနှစ် အောက်တိုဘာလ (၁၃) ရက်နေ့တွင် ဘီဇာသည် ဂျီနီဗာတွင် နှစ်ပေါင်း (၄၀) ကြာ ထင်ရှားကျော်ကြားသော ဓမ္မအမှုတော်ဆောင်ပြီးနောက်၊ အသက် (၈၆) နှစ်အရွယ်တွင် ဘုန်းအသရေထွန်းတောက်ခဲ့ပြီး၊ ပြင်းထန်သော ဆန့်ကျင်မှုများကြားမှ ရီဖော့မ်အသင်းတော်ကို ထွန်းလင်းတောက်ပစေပြီး၊ ဆက်လက်လည်ပတ်စေခဲ့သည်။

ဘီဇာသည် ငြိမ်းချမ်းစွာ ကွယ်လွန်သွားခဲ့ပြီး၊ ဂျီနီဗာတွင် မြုပ်နှံခံခဲ့၍ သူ၏ အသင်းတော်များသည် အလွန်ချစ်ခင်ကြကာ၊ ကောင်းစွာ မှတ်မိကြသည်။ ဘုရားသခင်၏ အကြွင်းမဲ့အုပ်စိုးမှုကို သွန်သင်ပေးခြင်းဖြင့် ကမ္ဘာတစ်ဝှမ်းတွင် ဇဝံဂေလိတရားကို ပြန့်ပွားစေသည့် စိတ်အားထက်သန်မှုဖြင့် ရေးသားဟောပြောခဲ့သည်။ **ပြုပြင်ပြောင်းလဲရေးကမ္ဘာသည် သူနှင့် အခြားသူများထံမှ ဘုရားသခင်သည် တန်ခိုးတော်အလုံးစုံဖြင့် အုပ်စိုးကြောင်း သင်ယူခဲ့ကြသောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏သစ္စာတော်ကို ယုံကြည်စိတ်ချစွာ မျှော်လင့်နိုင်ပါသည် - သူတို့၏ ထာဝရကယ်တင်ခြင်းနှင့် သူတို့၏ လောကခရီး၏ စုံစမ်းမှုများတွင် ၎င်းတို့၏ အကာအကွယ်အတွက်ဖြစ်သည်။ ခက်ခဲသောအချိန်များတွင် လူများစွာအတွက် ၎င်းသည် နှစ်သိမ့်မှုတစ်ခုဖြစ်ခဲ့သည်။**

နိဂုံး။

ဆက်ခံသူမရှိဘဲ အောင်မြင်မှုမရှိသကဲ့သို့ပင် သမိုင်းတစ်လျှောက်တွင်လည်း၊ လူသိနည်းသော ဘုရားသခင်၏ အစေခံများ ရှိပါသည်။ ဘုရားသခင်၌ မျိုးဆက်တိုင်းမှာ သစ္စာရှိသော ဘဏ္ဍာစိုးများ

ရှိပါသည်။ အမှန်စင်စစ်၊ ကျွန်ုပ်တို့သည် အချိန်တန်လျှင်၊ ကျွန်ုပ်တို့၏ ဓမ္မအမှုတော်မြတ်၌ ဆက်ခံသူ တစ်ယောက်ကို ရှာဖွေရုံသာမကဘဲ၊ ဘုရားသခင်၏အလိုတော်အတိုင်း တူညီသော ယုံကြည်ချက်များကို မျှဝေပြီး၊ ဘုရားကျောင်း၊ ကောလိပ် သို့မဟုတ် ဓမ္မအမှုတော်ကို ရှေ့သို့ပို့ဆောင်ပေးနိုင်သော ကောင်းမွန်ပြီး၊ ဘုရားတရားကြည်ညိုသည့် သူတစ်ယောက်ကိုလည်း ရှာဖွေဖို့ လိုအပ်ပါသည်။

ကျွန်ုပ်တို့ကို လမ်းညွှန်ပေးသည့်အတိုင်း၊ စောင့်ဆိုင်းနေသင့်သည့် မှန်ကန်သော Bezas နှင့် Bullingers များကို ရှာဖွေရန် အချိန်ကျရောက်သောအခါတွင် သခင်ဘုရားသည် သင်းအုပ်ဆရာတိုင်း၊ ကောလိပ် ဥက္ကဋ္ဌ သို့မဟုတ် သာသနာပြုတိုင်းကို ကူညီမစတော်မူပါစေ။ ၂ တိမောသေ ၄:၁-၈၊ ၂:၁-၄

Rev. Dr. Jack Sin မှ ကူးယူပြီး၊ တည်းဖြတ်ခဲ့သည်။

(Works consulted include Shawn Wright၊ Theodore Beza-The First Calvinist၊ Desiring God Ministry၊ 2026 နှင့် Philip Schaff၊ History of the Christian Church၊ Vol VIII၊ Eerdmans Grand Rapids၊ 1991၊ 846-871 တို့ ပါဝင်သည်)

Rev. Dr Jack Sin

Sovereign Hope BP Church (Singapore)

ဘာသာပြန်သူ - Myitta